The Union Insurance Board (Amendment) Act, 1950
(Act No. XLIV of 1950)

# ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံဝန်ဆောင်မှုအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၄၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံဝန်ဆောင်မှု အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤမှနောင်အဘို့တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံဝန်ဆောင်မှု အဖွဲ့ အက်ဥပဒေ ပုဒ်မ ၂ တွင် အပိုဒ် (ဇ) အစား အောက်ပါကို အပိုဒ် (ဇ) အဖြစ်ထည့်သွင်းရမည်။

"(ဇ) 'မိသားစု' ဆိုသည့်စကားရပ်တွင်—

(၁) ဤအက်ဥပဒေအရ အာမခံထားသူသည် ယောက်ျားဖြစ်လျှင်၊ ထိုသူ၏ တရားဝင် မယားနှင့်ကလေးများ၊

(၂) ဤအက်ဥပဒေအရ အာမခံထားသူသည် မိန်းမဖြစ်လျှင်၊ ထိုသူ၏ တရားဝင် လင်နှင့်ကလေးများ၊

(၃) ဤအက်ဥပဒေအရ အာမခံထားသူ၏ မိခင် ဖခင်၊

(၄) ဤအက်ဥပဒေအရ အာမခံထားသူက မှီခိုအားထား ခဲ့ရသည့်၊ သို့မဟုတ် ၎င်းအပေါ်တွင် မှီခိုအားထားနေသည့် နီးစပ်သောဆွေမျိုးညာတိများ

ပါဝင်သည်။"

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၅ အစား၊ အောက်ပါကို ပုဒ်မ ၁၅ အဖြစ် ထည့်သွင်းရမည်၊

"၁၅။ ။(၁) ဥပဒေပါရှိသော်ငြား၊ ဥပဒေကဲ့သို့ပင် အာဏာတည်သော မလေ့ထုံးစံသော်ငြား မည်သို့ပင် ဆိုထားစေကာမူ၊ ဤအက်ဥပဒေအရပြုသည့် အသက်အာမခံပေါ်လီစီ လွှဲပြောင်းပေးခြင်းမှာ မပြုမနေရ ဖြစ်ရမည့်ခြင်း၊ ဆိုခဲ့သည့် လွှဲပြောင်းပေးခြင်းသည် မည်သည့်စည်းကမ်းချက်ပါရှိစေကာမူ၊ ဆိုခဲ့သည့် ဥပဒေကြောင့် သော်ငြား၊ ဆိုခဲ့သည့် မလေ့ထုံးစံကြောင့် သော်ငြား မပျက်စေရ။

**Price.—One anna.**

ခြွင်းချက်။ ။(က) သို့ရာတွင် မိသားစုရှိသော ဤအက်ဥပဒေအရ အာမခံထားသူ တဦးသည်၊ မိမိ၏ မိသားစု၌ မပါသောသူအား ဆိုခဲ့သည့် လွှဲပြောင်းပေးခြင်းကိုမပြုရ။

(ခ) ထို့ပြင်၊ မိသားတစုမရှိသော ဤအက်ဥပဒေအရ အာမခံထားသူတဦးသည်၊ မည်သူ့အတွက်မဆို ဆိုခဲ့သည့် လွှဲပြောင်းပေးခြင်းကို မိမိသဘောအလျောက် ပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ခြွင်းချက် (ခ) အရ၊ အာမခံထားသူက ပြုသည့် ဆိုခဲ့သောလွှဲပြောင်းပေးခြင်းသည်၊ ထိုသူအိမ်ထောင်ပြုသည်နှင့်တပြိုင်နက် အလိုအလျောက် ပျက်သည်ဟု မှတ်ယူရမည်။

(၃) အာမခံထားသူသည်၊ ဤအက်ဥပဒေအရ ပြုသည့် ဆိုခဲ့သော လွှဲပြောင်း ပေး ခြင်း ကို အဖွဲ့က ပြဋ္ဌာန်း သည့် စည်းကမ်းချက်များ အတိုင်း ပြုနိုင်သည်။ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။ ''

G.U B.C.P.O.—No. 32, M. of J.A., 10-11-50—2,000—II